မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 9/ Issue 3 / March / 2016




## ✝ ယေရှုခရစ်တော်ရှင်ပြန်ထမြောက်တော်မူပြီ။ ✝



ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း
ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။
သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း
သုံးရက်မြောက်သောနေ့၌ထမြောက်တော်မူ၏။

အိုသေမင်း၊
သင်၏လက်နက်သည်၊ အဘယ်မှာရှိသနည်း။
အိုမရဏာနိုင်ငံ၊
သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း။

သေမင်း၏လက်နက်ကား၊ ဒုစရိုက်အပြစ်ပေတည်း၊
ဒုစရိုက်အပြစ်၏တန်ခိုးကား၊ ပညတ် တရားပေတည်း။

ငါတို့သခင်ယေရှုခရစ်အားဖြင့်
ငါတို့အား အောင်ခြင်း အခွင့်ကို ပေးတော်မူသော
ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွတကား။

## 2016, March Events




***Holy Communion Sunday***

***3/ 06/ 2016***

~~~~~~~~~~~~~~~

***Prayer Day for Burma***
***&***
***B.C.F. Official Board Members Retreat***

***3/ 13/ 2016***

~~~~~~~~~~~~~~~

***Palm Sunday***

***3/ 20/ 2016***

~~~~~~~~~~~~~~~

***Easter Sunday***

***3/ 27/ 2016***

~~~~~~~~~~~~~~~

***Every Service on Sunday***
***2:00PM***
***at***
***1337 Farmstead Ave.***
***La Puente, CA 91745***

# 2016, Newly Elected B.C.F. Official Board Retreat

၂၀၁၆–ခုနှစ်၏ B.C.F. official board retreat ကို 1337 Farmstead Ave. La Puente, CA 91745 တွင်တည်ရှိသော BCF Church, Fellowship Hall ၌၊ February 13, 2016 စနေနေ့၊ နံနက် 9:00AM အချိန်မှစ၍ ညနေ 4:30PM အချိန်ထိ ပြုလုပ်ခဲ့ပါသည်။

ဆရာ၊ ဆရာမများနှင့်တကွ အမှုဆောင်အဖွဲ့ဝင်အများ စုံညီစွာတက်ရောက်ကြပါသည်။ ၂၀၁၆–ခုနှစ် B.C.F အသင်းတော် ဥက္ကဋ္ဌမှာ ဦးကြည်ရှင်း ဖြစ်ပါသည်။

**Breakfast:** **-** 9:00 (မုန့်ဟင်းခါးနှင့်လက်ဖက်ရည်)
**Morning Devotion**: - 9:30 – 10:00 AM
*Opening Song:* - ''Spirit of the Living God"
*Opening Prayer:* - Rev. Henry Ang
*Scripture:* - 1Corinthians 15:58
*Message:* - The call to Faithfulness
*Hymns:* - "Living for Jesus"
**Annual reports**:- 10: 00am – 11: 00am
**Group Discussion**:-11:45am
**Lunch Time:-** 12:30 – 1:00 pm ,
Bless for the food - Rev. Henry Ang
**Break Time:-** 15 Minutes
**Group Presentation:-** 2:00pm- 4:30pm
**Monthly Special Programs & Events:**
**Closing song:-** "I know whom I have believed"
**Closing Prayer:-** Sayama Hsi Mu Shein

1Corinthians15:58--Therefore, my beloved brethren, be ye steadfast, unmovable, always abounding in the work of the Lord, forasmuch as ye know that your labor is not in vain in the Lord.

## 2016, B.C.F Official Board Members

Senior Pastor --- Rev. Henry Ang
Associate Pastor --- Rev. Livingstone Zan
Pastoral Staff --- Sayama Hsimu Shein
Youth Adviser --- Rev. Martin Nyun

President --- U Kyi Shinn
Vice President --- Douglous Duncan

Secretary --- Emily Ang
Joint Secretary --- Khin Myint Myint

Treasurer --- Fiona Ang
Joint Treasurer --- San San Min

Auditor --- Bryan Tiu
Pianist --- Patricia Aung
Christian Literature Editor --- Yi Yi Aye
Youth President --- Kendrick Lim

Trustee & Finance --- Barbara Chen
Joint --- Thin Thin
Member --- Khin Htay Myint

Mission & Evangelism--- Daw Paw Wah
Joint --- Shian Ma
Member --- Robin Saw & Yi Yi Aye

Worship & Music --- Patricia Aung
Joint --- Mon Mon Soe

Christian Education --- Ms. Joy Ang
Joint --- John Ma

Social & Recreation --- Alice Ang
Joint --- Irene Wong
Member --- Naw Win Mar
Member --- Daw Paw Wah




## အားသစ်လောင်းတရားဒေသနာအကျဉ်းချုပ်

ဟောပြောသူ Rev. Henry Ang

## The call to Faithfulness
## သစ္စာရှိရန် ဖိတ်ခေါ်ခြင်း

တမန်တော်ကြီး ရှင်ပေါလုက ကောရိန္တုအသင်းတော်တွင် သခင်ခရစ်တော် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခြင်းနှင့် စပ်လျဉ်းပြီး သန့်ရှင်းသူများလည်း ခရစ်တော်နှင့်အတူ ကောင်းကင်နိုင်ငံတော်ဝင်စားကြရမည့်အကြောင်း တရားတော်ကိုဟောကြားပြီး အမှုတော်မြတ်ကို သစ္စာရှိစွာဆောင်ရွက်ကြဖို့ ဆက်ပြီးသွန်သင်နှိုးဆော်ခဲ့ပါသည်။ ဤသို့ပြုလျှင်နောက်ဆုံး၌ ကောင်းကြီးမင်္ဂလာနှင့်ကျေးဇူးတော်ကိုခံစားရမည်။

အသင်းတော်၌ အမှုတော်ဆောင်များ အားဖြင့် ဘုရားသခင်က ကျေးဇူးပြုလျက်ရှိနေပါသည်။ ဘုရားသခင်သည် သစ္စာတည်သောဘုရား ဖြစ်တော်မူသည်။ " Faithfulness"သစ္စာရှိခြင်းကို လူတိုင်းနာခံလိုက်လျှောက်ရန်လိုအပ်ပါသည်။ ထို့အတူ အသင်းတော်၏အမှုတော်ဆောင်အဖွဲ့ဝင်များသည်လည်း သစ္စာရှိကြောင်းပြသရမည်။ ဂတိတည်၍သစ္စာရှိသော ငယ်သားကောင်းများကို သခင်ခရစ်တော် အလိုရှိ သကဲ့သို့ ကမ္ဘာကြီးကလည်း သစ္စာရှိသူများကို လိုအပ်နေပါသည်။

**1. Faithfulness is reasonable.**

သစ္စာရှိခြင်းသည် သင့်မြတ်မှန်ကန်၏။ မိဘက သားသမီးအပေါ် သစ္စာတည် သကဲ့သို့ သားသမီးများကလည်း မိဘများကို သစ္စာရှိမှသာ တဦးနှင့်တဦး ယုံကြည်မှုရှိမည်။ ထိုနည်းတူစွာ အလုပ်၊ ကျောင်း၊ ရပ်ရွာမြို့ပတ်ဝန်းကျင်တွင် သစ္စာရှိရမည်။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာမှာ ဘုရားသခင်အပေါ် သစ္စာရှိရမည်။ ထိုသို့ သစ္စာရှိခြင်းဖြင့် ဩဇာအာဏာ သက်ရောက်မှုရှိသည်။

**2. Faithfulness is difficult.**

လူတိုင်းအတွက် သစ္စာတည်ရှိဖို့ရန်မှာ ခက်ခဲပါသည်။ လက်တွေ့မှာ မလွယ်ကူလှပေ။
(က) အတွင်းစိတ်က သစ္စာတည်ရှိဖို့ရန် ခက်ခဲသည်။
အတွင်းစိတ်က သစ္စာတည်ရှိဖို့ရန် ခန္ဓာကိုယ်ကလည်း စွမ်းဆောင်ပေးရပါသည်။ ထိုကြောင့် ခန္ဓာကိုယ်က စွမ်းဆောင်နိုင်ရန် ခန္ဓာကိုယ်ကို အနားပေးရန် (သို့) အနားယူဖို့ရန်လိုအပ်ပါသည်။

ခန္ဓာအားနည်းနေပါက ဝိညာဉ်ရေးအတွက်အခက်အခဲရှိသည်။ Physical ကောင်းပါမှ Spiritual အတွက်လုပ်နိုင်ပေလိမ့်မည်။

(ခ) အပြင်လောက၏ ဖိနှိပ်မှုကြောင့်လည်း မလွယ်ကူနိုင်ပါ။
မိမိပတ်ဝန်းကျင် အပြင်လောက၏ အပြိုင်အဆိုင်၊ ဖိစီးမှု၊ စီးပွါးရေး၊ လူမှုရေးများကြောင့် သစ္စာတည်ခြင်း ပျက်ပြယ်တတ်သည်။

(ဂ) စာတန်၏ နှောင့်ယှက်မှုကြောင့်လည်း မလွယ်ကူနိုင်ပါ။
၁ပေ၊၅း၈ တွင်၊ တမာန်တော်ကြီး ပြောထားသည့် အတိုင်း၊ ဝါးမြိုရမည့်သူကို လှည့်လည်ကာ ရှာဖွေနေသော စာတန်ကြောင့် သစ္စာတည်ခြင်း ပျက်ပြယ်တတ်ပါသည်။

3. **Faithfulness is Necessity**
ကျွန်ုပ်တို့သည် တစ်စက္ကန့်နှင့် ဘုရားသခင်၏ နှစ်ကာလအပိုင်းအခြားကို သိမြင်လျက် အချိန်တိုင်းနာရီတိုင်းသည်အရေးကြီးပါ၏။ ကုန်ဆုံးသွားသောအချိန်ကို ပြန်ယူ၍ မရပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘာသာရေး Relagious ထဲမှာဘဲမနေဘဲ၊ အဘဘုရားသခင်ကိုချစ်၍၊ သူ၏တရားတော်အတိုင်း နာခံပြီး၊ ခရစ်တော်နည်းတူ သစ္စာတည်ရပါမည်။

**4. Faithfulness is Practical**
ယုံကြည်သူအသက်တာနှင့် မယုံကြည်သူအသက်တာ ကွာခြားကြောင်းကို သစ္စာတည်ခြင်းဖြင့် လက်တွေ့ပြသနိုင်ရမည်။ John 5:11 ဝမ်းမြောက်ခြင်းရဖို့နှင့် ယေရှုခရစ်တော်ကို ကျေးဇူးတုန့်ပြန်ရာမှာ သစ္စာတည်ရမည်။

5. သစ္စာတည်ခြင်းကြောင့်ဆုလဒ်ရရှိမည်။ အတွင်းရန်/အပြင်ရန် ခုခံဖို့ သစ္စာကတိပေးထားလျှင်၊ အဆုံးတိုင်အောင် သစ္စာစောင့်ရမည်။ သို့မှသွင်လန်းဝမ်းမြောက်မည်။ 2 Timothy 4:7-8 သစ္စာတည်မှသာ ကျေနပ်မှု၊ ယုံကြည်မှု ရရှိမည်။

ကျွန်ုပ်တို့သည် အဘဘုရားသခင်၏မေတ္တာတော်နှင့် သားတော်သခင်ယေရှု၏ကျေးဇူးတော်အားဖြင့် အပြစ်မှခွင့်လွှတ်ခြင်း ခံရကြပါ၏။ ထာဝရအသက်ကိုလည်း ရရှိကြပြီ။ ထို့ကြောင့် ကျွန်ုပ်တို့သည် အမှုတော်မြတ်ကို သစ္စာရှိစွာဆောင်ရွက်ကြရပါသည်။

××××× ××××× ××××× ×××××

# မြန်မာခရစ်ယာန်မိသဟာယအသင်းတော်
# BURMESE CHRISTIAN FELLOWSHIP

*1337 Farmstead Ave.*
*La Puente, CA 91745*




**Global Day of Prayer for Myanmar 2016**

**March 13, 2016 … 2:00 PM**

*The Global Day of Prayer for Burma happens every year*
*on the second Sunday of March*
*Please join us in praying for Burma!*

*"For I know the plans I have for you," declares the Lord,*
*"Plans to give you hope and a future*
*Then you will call on me and come and pray to me,*
*and I will listen to you."*
*Jeremiah 29: 11-12*

# မြန်မာပြည်အတွက်ဆုတောင်းခံရန် – ဆုတောင်းချက်များ။

**ချီးမွမ်းခြင်း ... ။**

အဘဘုရားသခင် ... ။ ကိုယ်တော်ရှင်၏ ကရုဏာနှင့်သစ္စာတော်သည် ကြီးမြတ်လှပါပေ၏။ ကိုယ်တော်ရှင်သည် မြန်မာပြည်သူ/သားများ အပေါ် ချစ်မေတ္တာထားလျက် ရှိတော်မူသဖြင့် အခက်အခဲအများအပြားနှင့် ကျွန်ုပ်တို့၏အားနည်းချက်များ ရှိခဲ့ပါသော်လည်း ကျွန်ုပ်တို့အတူ တကွ ဆုတောင်းခံကြသောအခါ ကိုယ်တော်ရှင်၏ ပြုပြင်လုပ်ဆောင်မှုကြောင့် မြန်မာပြည်၏ ပြောင်းလဲမှုကို တွေ့မြင်ရသည့် အတွက်ကျေးဇူးတင်ပါသည်။ ချစ်မေတ္တာတော်ရှင်ဖြစ်တော်မူ သောထာဝရအဘဘုရားသခင်ကို ကျွန်ုပ်တို့ ချီးမွမ်းထောမနာပြုကြပါ၏။

**ဝန်ချတောင်းပန်ခြင်းနှင့်ဆက်ကပ်အပ်နှံခြင်း ... ။**

အရှင်ဘုရား ... ။ ကျွန်ုပ်တို့၏အပြစ်များအတွက် ဝန်ချတောင်းပန်ပါ၏။ ကျွန်ုပ်တို့ မြန်မာပြည်သူ/သားများ၏ ဘအသက်တာမှာ ဖိနှိမ့်ချုပ်ချယ်မှုခံရခြင်းများရှိနေပါ၍၊ စိုးရိမ်ကြောင့်ကျ နေတတ်ပါ၏။ ကိုယ်တော်ရှင်က မစိုးရိမ်နှင့် စိတ်နှလုံးပူပန်ခြင်း မရှိကြနှင့်။ ပြောထားသော်လည်း စိုးရိမ်ကြောင့်ကျကာ ပူပန်နေမိသည့်အတွက် ကျွန်ုပ်တို့၏ မသိမိုက်မဲ ခြင်းကို ခွင့်လွှတ်တော်မူပါ။ ကိုယ့်ညာဏ်ကို အမှီမပြုဘဲ ကိုယ်တော်ရှင် သွန်သင်ဆုံးမထား သော်လည်း ကျွန်ုပ်တို့သည် မိမိအကြံအစည်၊ မိမိသဘော၊ မိမိစီမံကိန်း၊ မိမိအစီအစဉ်ဖြင့် ဆုံးဖြတ်၍ မိမိတို့လမ်းကိုလျှောက်လှမ်းခဲ့ကြပါ၏။ ခွင့်လွှတ်တော်မူပါ .. ဘုရား။ ကိုယ်တော်ရှင် ၏ခွင့်လွှတ်ခြင်းနှင့်ကျေးဇူးတော် သိမြင်လျက်၊ ကိုယ်တော်ရှင်နှင့်အတူလျှောက် လှမ်းသွားနိုင် သူများ ဖြစ်စေဖို့ရန် ဆက်ကပ်အပ်နှံပါ၏။ မြန်မာပြည်ကြီးကို ကောင်းသောဘက်မှ တိုးတက် ပြောင်းလဲဖို့ရန် ကိုယ်တော်ရှင် ဆက်လက်၍ လမ်းပြပို့ဆောင်တော်မူပါ။

**သမ္မာကျမ်းနှင့်ဆုတောင်းခြင်း ... ။**

အိုအဘ ... ။ ခပ်သိမ်းသောအမှုအရာတို့သည် မိမိတို့အချိန်ရှိ၏။ မိုးကောင်းကင်အောက်၌ ကြံစည်သမျှ အသီးသီးတို့ကို ပြုရသောအချိန်ရှိ၏။ (ဒေသနာကျမ်း၊၃း၁) မြန်မာပြည်၏အချိန် ကာလကို လည်းကောင်း၊ ပြုရမည့်အကြံအစည် ဟူသမျှတို့ကို လည်းကောင်း၊ ကိုယ်တော်ရှင် သည် သိနှင့်တော်မူပါ၏။ မြန်မာပြည်ကြီးသည် ပျက်စီးဆုံးရှုံးခြင်းသို့မရောက်စေရန်၊ ရှေ့အနာ ဂါတ်မှာ ကိုယ်တော်ရှင်၏ သာ၍ ကောင်းသော အကြံအစည်များ ရှိနေတော်မူကြောင်းကို ယုံကြည်စိတ်ချလျှက် ကျွန်ုပ်တို့ သည်မျှော်လင့်ခြင်းဖြင့် ငြိမ်ဝပ်စွာ စောင့်၍နေပါမည်။ ထိုအကြံ အစည်များ သာမက ကျွန်ုပ်တို့ ဆုတောင်းသောအခါ ကျွန်ုပ်တို့၏စကားသံကို အဘဘုရား နားညောင်းပြီး ထူးတော်မူတတ်ပါသဖြင့် ကျေးဇူးတင်ရှိပါ၏။ ငါသည် သင်တို့ကို အကျိုးနည်း စေခြင်းငှါကြံစည်သောအကြံအစည် မဟုတ်ဘဲ၊ သင်တို့သည် မြော်လင့်သောအကျိုးကို ရမည် အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှါသာ သင်တို့အဖို့ငှါ ကြံစည်သောအကြံကို ငါသိ၏။ သင်တို့သည် ငါ့ကိုခေါ်၍သွားလာကြလိမ့်မည်။ ဆုတောင်းသောအခါ သင်တို့စကားကို ငါနားထောင်မည်။ (ယေရမိအနာဂတ္တိကျမ်း၊၉း၁၁)

**အသနားခံခြင်း ... ။**

သနားခြင်းဂရုဏာတော်ရှင်အဘ ... ။

ကိုယ်တော်ရှင်သည် တရားမျှတ၍ သစ္စာတော်သည် စဉ်မြဲ တည်ပါ၏။ မြန်မာပြည်သူ / သားများ အတွက် အသနားခံ တောင်းလျှောက်လိုပါသည်။ မြန်မာပြည် အတွင်း၌ ကျန်းမာရေးနှင့် ဆေဝါးကုသမှု လိုအပ်နေသူအများ၊ တိုင်းနှင့်ပြည်နယ် အနှံ့အပြား ၌ရှိကြပါသည်။ ထိုသူများတို့ ခံစားနေရသော ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဝိညာဉ် ပိုင်းဆိုင်ရာ၊ ချို့ယွင်းချက်နှင့်အားနည်းချက်များ၊ ဖိစီးခံနေရသောရောဂါဆိုးများမှ ပျောက်ကင်း ရန် ကိုယ်တော်ရှင် လက်တော်ဖြင့် ကုသပေးသနားတော်မူပါ။ စားဝတ်နေရေး ပြေလည်စေရန် မစတော်မူပါ။ မြန်မာပြည်၏ ပြောင်းလဲတိုးတက်ရေး၊ ငြိမ်ဝပ်ပိပြားရေး၊ မြန်မာပြည်သူ/သား အချင်းချင်းညီညွတ်မှုရှိခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ စသော သဘာဝဘေးအန္တရယ်များမှလည်း ကင်းဝေးစေတော်မူပါ ဘုရား။ ရာသီဉတုမျှတစေမူပါ။ စပါးကောက်ပဲသီးနှံများ ဖြစ်ထွန်းအောင် မြင်၍အထွက်နှုံးကောင်းမွန်ရန်၊ ပြည်တွင်း၌ရွှေ့ပြောင်းဒုက္ခသည်များနေရာအခြေတကျဖြစ်ရန်၊ လူကုန်ကူးခြင်းစံနစ်ဆိုး နှင့် လက်နက်ကိုင်သောင်းကြမ်းမှုများကိုလည်း ပပျောက်စေတော်မူပါ။ မြန်မာပြည်သူ/သားများ လွတ်လပ်စွာဖြင့် အဘဘုရားသခင်ကိုယုံကြည်လက်ခံလာနိုင်ရန်နှင့် ကယ်တင်ခြင်းကျေးဇူးတော်ကို သိရှိခွင့်ရရှိစေတော်ပါမည့် အကြောင်း၊ ရိုသေလေးမြတ်စွာဖြင့် အသနားခံလျက် ဆုတောင်းပါ၏။

**ကျေးဇူးတော်ချီမွမ်းခြင်း ... ။**

အိုအဘဘုရား ... ။ ကျွန်ုပ်တို့၏ဆုတောင်းသံကို နားညောင်းသည့်အတွက် ကျေးဇူးတင်ပါ၏။ အကူညီလိုအပ်နေသော မြန်မာပြည်သူ/သားများထံသို့ မေတ္တာဖြင့်မစမှုပေးနေသူများကိုဌင်း၊ အဖွဲ့အစည်းများကိုဌင်း၊ ကျေးဇူးတင်ပါသည်။ ထိုသူများကို ကွယ်ကာတော်မူပါ။ စောင့်ထိန်း တော်မူပါ။ လမ်းပြ၍ ပို့ဆောင်တော်မူပါ။ ထိုသူတို့၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆီးပံ့ပိုး ပေးတော်မူပါ။ ကောင်းကြီးမင်္ဂလာ ချပေးတော်မူပါဘုရား။

- ကလေးသူငယ်များ၏ကျန်းမာရေး ၊ လုံခြုံရေး၊ ဘာသာရေးနှင့်ဘုရားသခင်နှင့် ကယ်တင်ရှင် ယေရှုခရစ်တော်ကို သိကျွမ်းစေရန်..၊ အကျင့်စာရိတ္တ နှင့် ပညာရေးစံနစ် မြင့်မားရန်..။

- ရန်တုန့်ပြန်မှုနှင့် အပြစ်တင်ခြင်းကင်း၍၊ ဆုတောင်းခြင်း၏ စွမ်းအားဖြင့် မျှော်လင့်ချက်များ ပြည့်စုံရန် ချစ်ခြင်းမေတ္တာဖြင့် ဆက်လက်ဆုတောင်းပေးရန်..၊

- ကျွန်ုပ်တို့၌ ပြုပြင်သောတန်ခိုးတော်အတိုင်း၊ ကျွန်ုပ်တို့တောင်းပန်ကြံစည်သမျှထက် အလွန် ထူးခြားစွာ ပေးပိုင်နိုင်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်တော်အားဖြင့် မြန်မာပြည် အပေါ်၌ဌင်း၊ အသင်းတော်များ၌ဌင်း၊ ဆုတောင်းသူအပေါင်းတို့၌ဌင်း၊ ဂရုဏာကျေးဇူးပြုတော် မူ၍ ချမ်းသာပေးတော်မူပါမည့်အကြောင်း ..၊

- -----

- -----

သခင်ယေရှုခရစ်တော်၏ မြတ်သောနာမတော်၌ ဆုတောင်းခံပါ၏။ အာမင်။




# Burmese Christian Fellowship

## 24 Hours Easter Prayer Chain

**(Friday) March 25, 2016 - 6:00 p.m.**
**to**
**(Saturday) March 26, 2016 - 6:00 p.m.**

**Name** ________________________________

**Time** ________________________________

## PRAYER requests:—

### *PRAISE and THANKS: —*

- Praise and thank GOD for JESUS CHRIST who died for our sins;
- Praise GOD that JESUS CHRIST arose from death, and HE is alive today;

### *For BURMA: —*

- Pray for Myanmar Government
- Pray for a peaceful, bountiful and united Myanmar
- Pray for peace be prevail in BURMA and for justice for all people and for people to enjoy a sustainable peace;
- Pray for relief from suffering, for those who have fled from their homes;
- Pray for the emergence of an open society, and religious freedom for all people of BURMA;
- Pray for love and understanding among all the people of BURMA;
- Pray for the Light of Gospel to shine throughout BURMA;

***For USA:—***

- Pray for Government of United States;
- Pray for the coming election;
- Pray for the welfare and security of the American people;
- Pray for the ceasing of misunderstanding and the ability to maintain peace and prosperity in the U.S.A;

***For people around the world: —***

- Pray for peace for all people and countries that have problems in the whole world including the Middle East;
- Pray for the safety of the believers in the countries who are being tortured and persecuted.
- Pray for protection from the religious and political extremists.
- Pray for the youth to be able to refrain from being misled by those extremist.

***For B.C.F:—***

- Pray and thank for the Blessing and Granting of B.C.F. Church Building
- Pray for the finance and the management of B.C.F. Building project.
- Pray for the Pastoral staff and their families;
- Pray for the unity and strong dedication of B.C.F. Board members, all the church members, and for the revival of the ministry work;
- Pray for the B.C.F. Youths and Sunday School;
- Pray for Blessings for all the programs of Burmese Christian Fellowship;
- Pray for the students to receive their good education and knowledge;

***For those who are doing Missionary work and serving the LORD:—***

- Pray for the workers serving the Lord and their families in the various churches and missions / fields in Myanmar to have protection, strength and blessings;
- Pray for all Myanmar Community Churches the U.S.A. and around the world;
- Pray for all the Youth Groups of all churches;
- Pray for deeper commitment and fresh assignment from God;
- Pray for the safety of the missionaries working in countries not yet known the gospel of the Lord Jesus Christ.
- Pray for all Churches, to stand for Love and Truth;
- Pray for the well-being of divinity students from Myanmar who are currently studying in various bible colleges in U.S.A.

***For those who needed the most:—***

- Pray for those who are preparing to come to the U.S.; for those who are already in the U.S.A., for those who are trying hard to obtain their legal status; and all those new arriver residence, who are having hard time settling down, to get use to the new environment of U.S.
- Pray for those who have applied for their work permits, and searching for jobs; (here include the names you know)
- Pray for those who are lonely, and in need of spiritual help; (here include the names you know)
- Pray for all the people who are in need of physical, emotional and spiritual health; (here include the names you know)
- Pray for those who are in need to enjoy Peace, Mercy and love of our GOD; (here include the names you know)
- Pray for those who have to work on Sundays;
- Pray for those who are eager to find refuge from depression and hardship of life;
- Pray for all students who are pursuing their education; (here include the name of church)
- Pray for all believer workers so that they will be successful in their jobs and be able to glorify GOD;

***ANY OTHER PRAYER that you would like to be added:–***

- Pray for more rain in California,
- Pray for safety and security of citizens in California where major crimes are on the rise;
- Pray for ________________________________
- Pray for ________________________________
- Pray for ________________________________




# မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

24 Hours Easter Prayer Chain

မတ်လ၊ ၂၅ရက်၊ ၂၀၁၆ သောကြာနေ့၊ ညနေ ၆း၀၀ နာရီ

မှ

မတ်လ၊ ၂၆ရက်၊ ၂၀၁၆ စနေနေ့၊ ညနေ ၆း၀၀ နာရီ

အမည် ____________________________

အချိန် ____________________________

# ဆုတောင်းရန်အချက်များ

## ကျေးဇူးတော်ချီးမွမ်းရန်

- ကျွန်ုပ်တို့ အပြစ်များအတွက် အသက်စွန့်တော်မူသောခရစ်တော် အတွက် အဖဘုရားသခင်အား ကျေးဇူးတော် ချီးမွမ်းရန်၊
- သေခြင်းမှ ရှင်ပြန် ထမြောက်၍ ယနေ့အသက်ရှင်တော်မူသော ခရစ်တော် အတွက် ဘုရားသခင်အား ကျေးဇူးတော် ချီးမွမ်းရန်၊

### မြန်မာပြည်အတွက်

- မြန်မာနိုင်ငံအစိုးရအတွက်ဆုတောင်းပါ။
- ပိုမို ငြိမ်းချမ်းသာယာဝပြော၍ စည်းလုံးသောနိုင်ငံဖြစ်လာစေရန်၊
- ကြာရှည်တည်မြဲမည့် ငြိမ်းချမ်းချမ်းရေး ရရှိရန် နှင့် တရားမျှတမှုကို ပြည်သူပြည်သား အားလုံးခံစားစေရန်၊
- မိမိတို့နေအိမ်များကို စွန့်ခွာထွက်ပြေးနေသူများ ခံစားနေရသော ဒုက္ခမှ ကင်းဝေး၍ မိသားစုများ ပြန်လည်၍ ဆုံတွေ့နိုင်စေရန်၊
- လွတ်လပ်ပွင့်လင်းသော လူ့အသိုင်းအဝိုင်း ပေါ်ပေါက်လာရေး နှင့် လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်ခွင့်ကို မြန်မာပြည်သူပြည်သား အားလုံး ခံစားခွင့် ရရန်၊
- မြန်မာ တိုင်းရင်းသား လူမျိုးစုအားလုံး အချင်းချင်း ချစ်ခြင်း မေတ္တာ ပြန့်ပွားရေး နှင့် တဦး နှင့် တဦး ပိုမို နားလည်စေရန်၊
- မြန်မာနိုင်ငံတွင် ခရစ်တော်၏ သာသနာအလင်း ထွန်းလင်းတောက်ပနိုင်စေရန်၊

### အမေရိကန်နိုင်ငံ အတွက် ဆုတောင်းရန်

- အမေရိကန်နိုင်ငံအစိုးရအတွက်ဆုတောင်းပါ။
- လာမည့်ရွေးကောက်ပွဲအတွက် ဆုတောင်းပါ။
- အမေရိကန်ပြည်သူပြည်သားများ၏ စားဝတ်နေရေး နှင့် လုံခြုံရေးအတွက် ဆုတောင်းပါ။
- စိတ်ဝမ်းကွဲပြားမှု ပပျောက်စေရန် နှင့် တရားမျှတ၍ ငြိမ်းချမ်း သာယာဝပြော သော နိုင်ငံအဖြစ် ဆက်လက်ရပ်တည်ရန် ဆုတောင်းပါ။

### ကမ္ဘာလူသားများ အတွက် ဆုတောင်းရန်

- ကမ္ဘာမြေပေါ် ရှိလူသားများအားလုံးတွက် ငြိမ်းချမ်းရေး တောင်းပါ။ အရှေ့ အလယ်ပိုင်းတိုင်းအပါအဝင် ကမ္ဘာတဝန်းလုံးတွင် ပြဿနာသက်နေသောနိုင်ငံ အားလုံးအတွက် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန်၊
- အချို့နိုင်ငံများတွင် နှိပ်ကွပ် ညှင်းပန်းခံနေရသော ယုံကြည်သူများ၏ လုံခြုံရေး အတွက်၊
- ဘာသာရေး နှင့် နိုင်ငံရေး အယူသီးသူများ၏ အန္တရာယ်မှ ကာကွယ်ရန်၊
- အယူသီးသူတို့၏ သွေးဆောင်မှုကို လွဲမှားစွာ လက်ခံမှုမရှိရန် လူငယ် များအား မျက်စေ့အလင်း ဖွင့်ပေးရန်၊

### သာသနာလုပ်ငန်း နှင့် ဘုရားသခင်၏ နိုင်ငံတော် အတွက်

- မြန်မာနိုင်ငံတွင် ဘုရားသခင်၏ နိုင်ငံတော် လုပ်ငန်း၌ ပါဝင်လုပ်ရှား အမှုတော် ထမ်းနေကြသည့် သာသနာ့ဝန်ထမ်းများ – မိသားစုများ နှင့် အသင်းတော်များအား ကာကွယ်ခြင်း၊ ခွန်အား တိုးတက်စေခြင်း နှင့် ကောင်းချီး မင်္ဂလာများ ခံစားစေရေး အတွက် ဆုတောင်းခံပါ။
- မြန်မာနိုင်ငံ၊ အမေရိကန်နိုင်ငံ နှင့် တကမ္ဘာလုံးရှိ အသင်းတော်အားလုံးအတွက် အောင်မြင်မှုနှင့် လုံခြုံမှု ရရှိစေရန်တွက်၊
- အသင်းတော်များ၏ လူငယ်အဖွဲ့ဝင်များအတွက်၊
- လူငယ်များ၏ ခွန်အား၊ ရူပါရုံသစ် နှင့် ယုံကြည်ခြင်းအတွက်၊
- သခင်ယေရှုကို မသိသေးသောနိုင်ငံများ၌ သာသနာပြုနေသူ များ၏ လုံခြုံရေး အတွက်၊
- အမှန်တရား နှင့် ချစ်ခြင်းမေတ္တာအတွက် အသင်းတော်များမှ မှန်ကန်စွာ ရပ်တည်စေရန်၊
- အမေရိကန်နိုင်ငံတွင် ပညာသင်ယူနေသော မြန်မာနိုင်ငံမှ ဓမ္မ ကျောင်းသူ ကျောင်းသားများ အတွက်၊

## B. C. F. အတွက်

- အသင်းတော်ပိုင် ဗိမာန်တော်အဆောက်အဦး၏ ဘဏ္ဍာရေး နှင့် စီမံခန့်ခွဲရေး အောင်မြင်ရန် အတွက်၊
- သင်းအုပ်ဆရာများ နှင့် မိသားစုများအတွက်၊
- အသင်းတော်၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အသင်းသားများ တို့၏ စည်းလုံးမှု နှင့် စိတ်အားထက်သန်စွာ ဆက်ကပ်မှုဖြင့် သာသနာ လုပ်ငန်းများ ပိုမိုတိုးတက် နိုးကြားလာရန်၊
- B. C. F. လူငယ်များ နှင့် ဥပုသ်စာဖြေ ခလေးများ အတွက်၊
- အသင်းတော်လုပ်ငန်းအားလုံးအတွက် ကောင်းချီးတောင်းခံရန်၊
- အသင်းတော်ရှိ ပညာသင်ကြားနေသောကျောင်းသားအားလုံး ပညာရေး တိုးတက်ရန် နှင့် အသိပညာ ဖွံ့ဖြိုးရန်၊

## ကူညီ မစမှု အထူး လိုအပ်နေသူများ အတွက်

- အမေရိကန်နိုင်ငံသို့ မြန်မာပြည်မှ လာရောက်ရန် ပြင်ဆင်နေသူများ အတွက် ဆုတောင်းပါ။ ရောက်ရှိနေသူများအားလည်း အမြဲတမ်း အခြေချ နေထိုင်နိုင်ရေး အတွက် ဆုတောင်းပါ။ ပတ်ဝန်းကျင်အသစ်တွင် ဝင်ဆံ့ နေထိုင်နိုင်ရန် အခက်အခဲရှိနေသူများ အတွက် ဆုတောင်းပါ။
- အလုပ်ရှာဖွေနေသူများ အလုပ်လုပ်ခွင့်ပြုစာ လျှောက်ထားသူများ အတွက် ဆုတောင်းပါ။ (မိမိ သိသူများအမည်ဖြင့် တောင်းပါ။)
- မိတ်ဆွေ အဖော် မဲ့နေသူများ၊ ယုံကြည်မှု ခွန်အား လိုအပ်နေသူများ အတွက်၊ (မိမိ သိသူများအမည်ဖြင့် တောင်းပါ။)
- ကိုယ်ခန္ဓာ ကျန်းမာရေး လိုအပ်နေသူများ၊ စိတ်ဓါတ်ခွန်အား လိုအပ် နေသူများ၊ ယုံကြည်မှု အင်အားနည်းပါးနေသူများအတွက်၊ (မိမိ သိသူ များအမည်ဖြင့် တောင်းပါ။)
- ငြိမ်သက်ခြင်း မေတ္တာဂရုဏာ နှင့် ချစ်ခြင်းမေတ္တာ လိုအပ်နေသူများ အတွက် ကယ်တင်ရှင် ခရစ်တော်ထံမှ ရရှိရန် တောင်းခံပါ။ (မိမိ သိသူများအမည်ဖြင့်တောင်းပါ။)
- တနင်္ဂနွေနေ့တွင် အလုပ်လုပ်နေရသူများ အတွက် (မိမိ သိသူများ နှင့် အသင်းတော် အမည်ဖြင့် တောင်းပါ။)
- စိတ်ဝေဒနာ ရောဂါခံစားနေရသူများ၊ ဘဝအသက်တာ၏ အခက်အခဲ နှင့် ရင်ဆိုင် နေရသူများ ချမ်းသာ ပျောက်ကင်း ရန်အတွက် (မိမိ သိသူများ အမည်ဖြင့် တောင်းပါ။)
- ပညာသင်ယူနေသောကျောင်းသားများအတွက် (အသင်းတော် အမည်ဖြင့် တောင်းပါ။)
- ယုံကြည်သူ ဝန်ထမ်းများ၏ လုပ်ငန်းခွင်တွင် အောင်မြင်ရန် နှင့် ကိုယ်တော် ၏ နာမတော်ကို လုပ်ငန်းခွင်တွင် ထင်ရှားနိုင်ရန်၊

## သင်ထည့်သွင်း တောင်းခံလိုသော ဆုတောင်းချက်များ ထည့်သွင်း တောင်းခံပါ။

- ကယ်လီဖိုးနီးယားတွင် မိုးပိုမိုရွာသွန်းရန် အတွက်
- ပြစ်မှုများ ပိုမိုများပြားလာနေခြင်းကြောင့် ကယ်လီဖိုးနီးယား၏ ပြည်သူ ပြည်သားများ လုံခြုံရေးအတွက်တောင်းခံပါ။
- ကယ်လီဖိုးနီးယားတွင် တရားမဝင်နေထိုင်နေကြသောသူများ ကိစ္စတွင် တရားမျှတ၍ အများလက်ခံနိုင်သောဖြေရှင်းမှု တခုရရှိရေး၊
- အခြား သင်ထည့်သွင်းလိုသော ဆုတောင်းချက်များ၊
-



# ပြော၍မကုန်နိုင်သောဘုရားသခင်၏ကျေးဇူးတော်

သင်တို့သည် ငါ၏သက်သေ ဖြစ်ကြ၏။ ( ဟေရှာ၊ ၄၄း၈ ) တွင် ဖေါ်ပြထားပါသည်။ ယုံကြည်သူအများစုက ဘုရားသခင်ရှေ၊ လူတို့ရှေ့မှာ ဘုရားသခင်၏ကောင်းမြတ်ခြင်းအကြောင်း သက်သေခံရမည်ကို များသောအားဖြင့် အစဉ်သင့်မဖြစ်ကြပါ။ ရှက်ကြောက်တတ်ကြပါသည်။

ဒါပေမယ့်၊ သမ္မာကျမ်းစာရဲ့ ဆာလံကျမ်းအခန်းကြီး ( ၂၅း၃ ) မှာ ပြောထားတဲ့ အရာကတော့ .... "အကယ်စင်စစ် ကိုယ်တော်ကို မျှော်လင့်သော သူတို့သည် ရှက်ကြောက်ခြင်းသို့ မရောက်ရကြပါ။ အကြောင်းမရှိဘဲ သစ္စာကိုဖျက်သော သူတို့သည် ရှက်ကြောက်ခြင်းသို့ရောက်ရကြပါလိမ့်မည်။ "

တိမောသေသြဝါဒစာဒုတိယစောင် (၁း၇–၈) တွင်လည်း " ဘုရားသခင်သည် ကြောက်တတ်သော စိတ်သဘောကို ငါတို့အား ပေးတော်မူသည် မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသော စိတ်သဘောကို ပေးတော်မူ၏။" ဘုရားသခင်၏ စိတ်သဘောကို ကျွန်တော်တို့က အသေအခြာနားလည် လက်ခံရမည်။ အခန်းငယ် (၈) တွင်၊ "ထို့ကြောင့် ငါတို့သခင်ဘုရားသခင်၏ သက်သေကိုငှင်း၊ ထိုသခင်ကြောင့် အကျဉ်းခံရသောသူ ဖြစ်သော ငါ့ကိုငှင်း၊ ရှက်ကြောက်ခြင်း မရှိနှင့်။ ဘုရားသခင်ပေးတော်မူသော တန်ခိုးကို ရသည့်အတိုင်း ဧဝံဂေလိတရားနှင့်ဆက်ဆံ၍ ဆင်းရဲဒုက္ခကိုခံလော့။" ဘုရားသခင်အတွက် သက်သေခံသူဖြစ်ချင်လျှင် ကျွန်တော်တို့၏စိတ်ကိုချိုးဖဲ့ရမည်။ ကျွန်တော်တို့ရဲ့ ဇာတိစိတ်ကထွက်တဲ့ ဖြောင့်မတ်သောစိတ်ရှိနေရင်၊ ဘုရားသခင်အတွက် သက်သေခံဘို့ ရှက်ကြောက်နေတတ်ပါသည်။ မဝံ့မရဲ ဖြစ်နေတတ်ပါသည်။

တမန်တော်ဝတ္တု (၁း၈) မှာ " ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှာမာရိပြည် မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေ ဖြစ်ကြလိမ့်မည်။" ဟုမိန့်တော်မူ၏။ ဘုရားသခင်ထံက ရတဲ့ သန့်ရှင်းသော ဝိညာဉ်တော်၏ စိတ်တန်ခိုးကို အသုံးပြုရင် ကျွန်တော်တို့အထဲမှာရှိတဲ့ သန့်ရှင်းသောဝိညာဉ်တော်က သက်သေခံ ပေးပါသည်။ ယေရှုခရစ်တော်က သက်သေခံ ပေးပါသည်။ မိမိက တန်ဆာပါလာအဖြစ်သာ ပါဝင်အသုံးခံနေခြင်း ဖြစ်သည်ဟု သိလာမည်ဖြစ်ပါသည်။ ငါကိုယ်တိုင် သက်သေခံနေခြင်း မဟုတ်။ ငါ့အထဲ၌ရှိသော ယေရှုခရစ်တော်က အသက်ရှင်၍သက်သေခံ ပေးနေသည်ဟု ယုံကြည်ခြင်းစိတ်က ထွက်ပေါ်လာမည် ဖြစ်ပြီး၊ ဝမ်းမြောက်ခြင်းကို ခံစားရပါသည်။

တိမောသေသြဝါဒစာဒုတိယစောင်(၂း၁) တွင် " ငါ့သား သင်သည် ယေရှုခရစ်၌ရှိသော ကျေးဇူးတော်အားဖြင့် ခိုင်ခံ့ခြင်းရှိလော့။" ယုံကြည်ခြင်းဖြင့် ဆက်လက် ခြေလှမ်းရမည် ဖြစ်သည်။ ဘုရားသခင်သွားစေလိုသည့် အရပ်သို့ ကျွန်ုပ်တို့ ရောက်ရန် ဖြစ်သည်။ ဝိညာဉ်ရေး အောင်မြင်မှုသည် မိမိကိုယ်ကို နှိမ့်ချပြီး၊ ဘုရားသခင်၏ အလိုတော်ကို ရှာသော သူတို့ အတွက် ဖြစ်ပါသည်။ ဘုရားသခင် ကောင်းမြတ်ကြောင်းကို ကျွန်ုပ်တို့ ယုံကြည်လျှင် ကြောက်စိတ်ကို လျှော့ချနိုင်သည်။

ယုံကြည်ခြင်းကို ပြုစုပျိုးထောင်သောအခါ၊ ဝိညာဉ်ရေး တိုးတက် ကြီးထွားလာပါသည်။ ဝိညာဉ်ပကတိစိတ်က ကျန်းမာလျှင် ဇာတိပကတိစိတ်ကို အနိုင်ယူလို့ ရပါသည်။ ဓမ္မရာဇဝင်ဒုတိယစောင် (၃း၁)တွင်၊ "ရှောလုအမျိုးနှင့် ဒါဝိတ်အမျိုးတို့သည် ကြာမြင့်စွာစစ်တိုက်၍၊ ဒါဝိတ်သည် တိုးပွါးလျက်၊ ရှောလုအမျိုးသည် အားရှော့လျော့လျက် ရှိကြ၏။" ကျွန်တော်တို့၏ စိတ်နှလုံးထဲမှာ ဒါဝိတ်အမျိုးကတိုးပွါးလာသည်ဟု ခံစားရလျှင် ဝိညာဉ်ပကတိစိတ်က ကြီးထွားလေဖြစ်သည်။

ဒေသနာကျမ်း (၁၂း၁)တွင်၊ "ငါနေ၍မပြောနိုင်ဟု ဆိုရသောကာလသည် မနီး၊ ဆိုးသောကာလ မရောက်မီ၊ ယခု အသက်ပျိုစဉ်ကပင် သင့်ကို ဖန်ဆင်းတော်မူသော အရှင်ကို အောက်မေ့လော့။" မိမိတို့ အသက်ပျိုစဉ်အခါတွင် ပြောနိုင်ဆိုနိုင်သောအချိန်မှာ ဘုရားသခင်၏ကောင်းမြတ်ခြင်းအကြောင်းကို ဟောပြောဘို့ ၊ ဝေမျှတတ်ဘို့ ဖြစ်ပေသည်။

ကောင်းကင်ဘုံရှင်အဘ၊ ကိုယ်တော်၏နှုတ်တော်ထွက် စကားများကို နာခံနိုင်ရန် အလို့ငှါ၊ သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ခွန်အားပေးမူပါ။ ကိုယ်တော်၏စည်းမျဉ်း၊ စည်းကမ်းများက ကျွန်ုပ်ကိုကာကွယ်ပေးသောကြောင့် နာခံသောအခါ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာနှင့်ဝမ်းမြောက်ခြင်းကို ခံစားရသဖြင့် ကျေးဇူးတင်ပါသည်။ အာမင်။

**အမှုတော်မြတ်၌ ( ဒေါက်ကလပ်စ် )**

## 'အသက်အတွက်'

တစ်ခါက မုဆိုးတစ်ယောက်မှာ အမဲလိုက်ခွေးတစ်ကောင် ရှိသည်။ အမဲလိုက်ထွက်သည့်အခါတိုင်းမှာ သူ၏ခွေးကိုခေါ်သွားလေ့ရှိသည်။

တစ်နေ့မှာ မုဆိုးက သမင်တစ်ကောင်ကိုတွေ့တော့ သေနပ်နဲ့ပစ်လိုက်ရာလွဲချော်ပြီး ကျည်ဆံမထိဘဲ သမင်က ထွက်ပြေးသွားခဲ့ပါတယ်။ ဒီတော့ အမဲလိုက်ခွေးက သမင်ကို ဖမ်းဖို့ သမင်နောက်ကို အားကုန်ပြေးပြီးလိုက်ပါတော့တယ်။ လိုက်ရင်း၊ လိုက်ရင်းနဲ့ တော်တော်ဝေးသွားတဲ့ နေရာတစ်ခုကို ရောက်တဲ့အခါ၊ အမဲလိုက်ခွေးက ဆက်မလိုက်တော့ဘဲ သခင့်ထံသို့ ပြန်လှည့်လာခဲ့တယ်။

ထိုအခါမှာ သမင်က အဝေးကနေ၍ အမဲလိုက်ခွေးကို အော်ပြောလိုက်တဲ့ စကားက "မင်းဘယ်တော့မှ ငါ့ကို လိုက်လို့မမှီပါဘူး။ ဘာဖြစ်လို့လည်းဆိုရင် ငါက ကိုယ့်အသက်ရှင်ဖို့ အတွက်ပြေးနေတာ။ မင်းကတော့ သခင့်ရှေ့မှာ မျက်နှာရဘို့၊ သခင့်ရဲ့စိတ်ကို ကျေနပ်စေဘို့၊ ငါ့ကို လိုက်ဖမ်းတဲ့အတွက်ကြောင့်ဘဲ။" လို့လှမ်းပြောလိုက်ပါတယ်။

ဤပုံပမာအားဖြင့် ကျွန်တော်တို့က သခင့်ရဲ့အမှုတော်မြတ်ကို သခင့်စိတ်ကျေနပ်ရုံလောက်ဘဲလုပ်ဆောင်ရင်၊ အမဲလိုက်ခွေးကဲ့သို့ ဖြစ်မှာပါ။ သမင်ရဲ့စိတ်ကဲ့သို့ **'အသက်'** ရဘို့၊ ပန်းတိုင်အထိ ရောက်အောင်ပြေးကြပါစို့။

**မေတ္တာမွန်ဖြင့်**

***အသက် = ယေရှုခရစ်တော်***

**(ကျေးဇူးတော်)**